[illegible]
Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


မတ်လ ၁၆ ရက်၊ ၂၀၂၃ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဖေဖော်ဝါရီလ ၂၇ရက်မှ မတ်လ ၁၂ရက်နေ့ထိ၊၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီ ၁ – ဖေဖော်ဝါရီလ ၂၆ရက်၊၂၀၂၃ | ဖေဖော်ဝါရီလ၂၇– မတ်လ ၁၂ရက်၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၂၉၈ | ၄၁ | ၃၃၉ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၃၄ | ၁၄ | ၃၄၈ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၃၄၂ | ၉ | ၃၅၁ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇ | | ၁၅၇ |
| | ဒီးမော့ဆိုမြို့နယ် | ၄၂၃ | ၄၂ | ၄၆၅ |
| | ဖယ်ခုံမြို့နယ် | ၂၈၅ | ၂ | ၂၈၇ |
| | ဖရူဆိုမြို့နယ် | ၆၂ | ၃ | ၆၅ |
| | ဘောလခဲမြို့နယ် | ၂ | | ၂ |
| | ရှားတောမြို့နယ် | ၁ | | ၁ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ အထိ** | **IDPs အသစ် ဖေဖော်ဝါရီလ ၂၇ ရက် – မတ်လ ၁၂ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၇၈၂၆၅ | ၅၀၀၀ | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | | ၃၇၄၁ |
| | **စုစုပေါင်း** | **၂၀၂၁၁၅** | | **၂၀၂၁၁၅** |


စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဖေဖော်ဝါရီလ(၂၇)ရက်မှ မတ်လ(၁၂)ရက်၊ ၂၀၂၃ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ဒီးမော့ဆို
ဖရူဆို
ရှားတော
ဘောလခဲ
ရွာသစ်
သံလွင်
# ၁
# ၂
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
ဖါးဆောင်း
မော်ချီး
မယ်စဲ့
အညွှန်း
လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်း
ဒိဗ်မီးရှို့ခြင်း
စကစ မှ ဖြုတ်သိမ်းသော ရှေ့တန်းတပ်စခန်းများ
စကစ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးနေရာ
စစ်ဘေးရှောင်နေရာများ
တည်ဆောက်ပြီး ရေကာတာများ
တည်ဆောက်ရန်လျာထားသည့် ရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
လက်နက်ကြီးဖြင့် ပစ်ခတ်မှု
KNPP/KNDF နှင့် စကစ တိုက်ပွဲနေရာများ
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများ
မြန်မာစစ်တပ်အခြေပြုနေရာများနှင့် စစ်ဆင်ရေးဌာနချုပ်
အမှတ်(၁၄)စစ်တပ် လေ့ကျင့်ရေးကျောင်း
နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်ဌာနချုပ်
မြို့နယ်
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
0 4.5 9 18 27 36 ကီလိုမီတာ

**ဒီးမော့ဆိုတွင် စစ်ကောင်စီ၏ ထိုးစစ်ဆင်မှုကြောင့် အရပ်သား ၅၀၀၀ ထွက်ပြေးတိမ်းရှောင်ခြင်းနှင့် ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ**

လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် ဘောလခဲနှင့် ဒီးမော့ဆိုအကြားတွင် ရှိသော ဒေါတမကြီးဒေသအား ထိန်းချုပ်နိုင်ရန် စစ်ဆင်ရေးအရှိန်မြှင့်ခဲ့သော်လည်း ပြင်းထန်သော ကရင်နီ ပူးပေါင်းတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရကာ ထိုင်း-မြန်မာ နယ်စပ်ရှိ ၎င်းတို့၏ ရှေ့တန်း တပ်စခန်းများသည်လည်း တိုက်ခိုက်ခြင်းများ ခံခဲ့ရသည်။ စစ်ကောင်စီတပ်များသည် လက်တုန့်ပြန်သည့် အနေဖြင့် လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ၊ နေအိမ်မီးရှို့မှုများအပြင် မတ်လ ၁၁ ရက်နေ့တွင် ပင်လောင်းမြို့နယ်၊ နန်းနိမ့်ရွာမှ သံဃာတော် ၃ပါး အပါအဝင် အရပ်သား ၃၀ ဦးတို့အား အစုလိုက်အပြုံလိုက် သတ်ဖြတ်သွားခဲ့သည်။ စစ်ကောင်စီ၏ စစ်ဆင်ရေးကြောင့် ဒီးမော့ဆိုမြို့နယ်မှ ကျေးရွာသူ၊သားများ အသစ် ၅၀၀၀ ထပ်မံထွက်ပြေးတိမ်းရှောင်နေကြရသည်။

ဖေဖော်ဝါရီလ ၂၇ရက်၊ ၂၇ရက်နေ့ နံနက် ၆နာရီခွဲအချိန်ခန့်တွင် ဘီပီ ၁၂၊ ကောက်ကောက်စခန်းအနီးရှိ စစ်ကောင်စီ၏ ခလရ ၁၃၅၊ ခလရ ၅၄ နှင့် အမြောက်တပ် ၃၆၀ တို့အခြေပြုထားသည့် တောင်ကုန်းပွိုင့် အမှတ် (၁၄၄၁)စခန်း ပထမတစ်ခုကို KA, KNDF တို့မှ ပူးပေါင်းတိုက်ခိုက်ခဲ့ရာ မိနစ်ပိုင်းအတွင်း သိမ်းပိုက်နိုင်ခဲ့ပြီး ၎င်းစခန်းမှ လက်နက်ကြီးများဖြစ်သည့် ၁၂၀ မမ၊ ၉ မမ၊ အာပီဂျီတို့အပြင် အခြားလက်နက်ငယ်များကိုလည်း သိမ်းဆည်း ရမိခဲ့ပါသည်။ စစ်ကောင်စီ၏ ပထမစခန်းကိုသိမ်းပြီး ဒုတိယတပ်စခန်းကို ဆက်လက်သိမ်းနိုင်ရန် ကြိုးစားစဉ် စစ်ကောင်စီတပ်မှ တိုက်လေယာဉ်(၅)စီးဖြင့်စစ်ကူလာရောက်ပစ်ခတ်ခြင်းကြောင့် ပြန်လည် ဆုတ်ခွာ ခဲ့ရပါသည်။ တိုက်လေယာဉ် ပစ်ခတ်မှုကြောင့် KA စစ်သည်၁၀ဦးထိခိုက်ကျဆုံးသည်။ ထိုတရက်တည်းတွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် ဒီးမော့ဆိုမြို့အရှေ့ခြမ်းတွင် အသက် (၇၀)အရွယ် အမျိုးသားတစ်ဦးသေဆုံးပြီး (၂)ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ အလားတူ ဒီးမော့ဆို အနောက်ခြမ်း စစ်ရှောင် နေရာတွင်လည်း လက်နက်ကြီးကြောင့် အသက်(၃၀)အရွယ်စစ်ရှောင် အမျိုးသမီး တစ်ဦးသေဆုံးကာ (၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် ဖယ်ခုံမြို့နယ်၊ ခေါင်းအိကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးကျရောက် ပေါက်ခဲ့မှုကြောင့် အသက်(၄၀)အရွယ်အမျိုးသားတစ်ဦးဝမ်းဗိုက်တွင် ထိခိုက်ဒဏ်ရာ ရရှိပြီး (၈)နှစ်အရွယ် ကလေးတစ်ဦး နံရိုးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် အိမ်တစ်လုံးပါထိမှန်ခဲ့ပါသည်။ တစ်ရက်တည်းတွင် ဖယ်ခုံအနောက်ဘက်ခြမ်းရှိ ကျေးရွာများသို့ လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် ကျေးရွာလူထု (၂)ဦးထိခိုက် ဒဏ်ရာ ရရှိခဲ့ပါသည်။

ဖေဖော်ဝါရီလ ၂၈ရက်၊ ည၇နာရီ ၃၀မိနစ်အချိန်ခန့်တွင် ဖယ်ခုံမြို့ရှိ စစ်ကောင်စီတပ်မှ အကြောင်းမဲ့ လက်နက် ကြီးများပစ်ခတ်မှုကြောင့် ခေါင်းအိကျေးရွာအုပ်စု၊ ကျေးရွာတစ်ရွာအတွင်းရှိ ဘုန်းကြီး ကျောင်းပေါ်သို့ ကျရောက် ပေါက်ကွဲခဲ့သဖြင့် ဘုန်းကြီးကျောင်းအတွင်း စာကျက်နေသည့် (၁၀)တန်း ကျောင်းသားတစ်ဦးနှင့် သူ၏ အသက်(၁၅)နှစ်အရွယ်ညီဖြစ်သူတို့အား ထိမှန်သေဆုံးခဲ့ပါသည်။ လက်နက်ကြီး ကြောင့် ဘုန်းကြီးကျောင်း ဓမ္မာရုံနှင့် ဇရပ်ပျက်စီးခဲ့ပါသည်။

မတ်လ ၆ရက်၊ သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ နမ့်ပန်ချောင်းနံဘေးတွင် တပ်စွဲထားသည့် စစ်ကောင်စီရှေ့တန်း ခလရ (၅၄)နှင့် နယ်ခြားစောင့်တပ်တို့ ပူးတွဲတပ်စွဲထားသည့် ဟွေအွမ်တပ်စခန်းကို ကရင်နီကွန်မန်ဒိုတပ်ဖွဲ့မှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး လက်နက်အချို့ သိမ်းဆည်းရမိခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီ တပ်သား (၆)ဦးသေဆုံးသည်။

မတ်လ ၇ရက်၊ ဘောလခဲဗျူဟာမှ အင်အား (၇၀)ခန့်ရှိသည့် စစ်ကောင်စီစစ်ကြောင်းတစ်ကြောင်းသည် ဒီးမော့ဆိုမြို့၊ ဒေါတမကြီးကျေးရွာအုပ်စုသို့ ဦးတည်လာပြီး တောင်ယာခင်းတွင်ရှိသည့် ပြည်သူ(၁၄)ဦးကို လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး နောက်တစ်ရက်တွင် အမျိုးသမီးတစ်ဦးနှင့် ကလေး(၂)ဦးကို ပြည်လည်လွတ်ပေးခဲ့ပါသည်။ ဖမ်းဆီးထားသူများအား ရေရှိရာနေရာများ၊ ပြခိုင်းခြင်း၊ တော်လှန်ရေး တပ်ဖွဲ့များ၏ တည်နေရာများကို ပြခိုင်းခြင်းများရှိပြီး ရိုက်နက်မှုများလည်းရှိခဲ့ပါသည်။

မတ်လ ၉ရက်၊ နံနက်(၁၀)နာရီအချိန်တွင် ဒီးမော့ဆိုမြို့၊ ဒေါသဲရွာသား(၂)ဦးတို့သည် လောပိတကျေးရွာအုပ်စု၊ ဆိုလစယ်ရွာသို့ ကားဖြင့် သွားစဉ် စစ်ကောင်စီတပ်နှင့် တိုးသဖြင့် စစ်ကောင်စီတပ်မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ တစ်ဦးထွက်ပြေးလွတ်မြောက် နိုင်ခဲ့သော်လည်း ကျန်တစ်ဦးမှာ နေရင်းသို့ ပြန်လည်ရောက်ရှိလာခြင်း မရှိချေ။ စစ်ကောင်စီမှ နယ်စပ်ရှိ ၎င်းတို့၏တပ်စခန်းများသို့ ရိက္ခာပို့ဆောင်ရေးနှင့် လုံခြုံရေးတာဝန် ယူရသည့် ခမရ ၅၁၀ တပ်ရင်းသည် ဖေဖော်ဝါရီလ (၂၆)ရက်တွင်တစ်ကြိမ်၊ မတ်လ (၆)ရက်နေ့တွင်တစ်ကြိမ်နှင့် မတ်လ (၉)ရက်နေ့တွင် တစ်ကြိမ် တိုက်ခိုက်ခံခဲ့ရပြီး ထိုတိုက်ခိုက်မှု (၃)ကြိမ်အတွင်း စစ်ကောင်စီတပ်မှ (၈)ဦး သေဆုံးခဲ့ပြီး KAဘက်မှ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ စစ်ကောင်စီတပ်များမှ ဒီးမော့ဆိုမြို့နယ်အတွင်း စစ်ကြောင်းသုံးကြောင့်ဖြင့် ထိုးစစ်ဆင်မှုများ လုပ်ဆောင်လာသည့်အတွက် ဒေသခံ ၅၀၀၀ တို့သည် ထွက်ပြေးတိမ်းရှောင်နေကြရသည်။

မတ်လ ၁၀ရက်၊ နံနက် (၆)နာရီခန့်တွင် ပူးပေါင်းတပ်များဖြစ်သည့် KA, KNDF တပ်တို့နှင့် စစ်ကောင်စီ စစ်ကြောင်းတစ်ကြောင်းတို့သည် ဒီးမော့ဆိုမြို့၊ ဒေါသဲကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်မှ (၁၄)ဦးသေဆုံးကာ ဒဏ်ရာအများအပြား ရရှိသွားခဲ့သည်။ ထိုသို့ တိုက်ပွဲအတွင်းအထိနာမှုကြောင့် နောက်တစ်ရက်တွင် ဒေါသဲကျေးရွာအတွင်း လက်နက်ကြီးများပစ်ခတ်ခဲ့ပြီး နေအိမ် (၂)လုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပါသည်။ တစ်ရက်တည်းတွင်ပင် ဒီးမော့ဆိုမြို့၊ ဒေါတမြေးရွာ အရှေ့ဘက်တောင်ပေါ်သို့ တက်လာသည့် စစ်ကောင်စီတပ်အား ကရင်နီတပ်မှ ပြောက်ကျားတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား (၂)ဦး သေဆုံးခဲ့ပါသည်။ ထိုတရက်တည်းတွင်လည်း စစ်ကောင်စီတပ်များမှ ပင်လောင်မြို့နယ်အတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခြင်း၊ လေကြောင်းဖြင့်တိုက်ခိုက်ခြင်းများများကြောင့် အရပ်သားတစ်ဦး ထိမှန်သေဆုံး သွားခဲ့သည်။

မတ်လ ၁၁ရက်၊ နံနက် (၇)နာရီအချိန်ခန့်တွင် ဒီးမော့ဆိုအရှေ့ခြမ်းရှိ အိမ်ခြေ(၄၀)ခန့်ရှိသည့် စစ်ရှောင် စခန်းတစ်ခုကို စစ်ကောင်စီတပ်မှ အင်အား (၂၀)ခန့်နှင့် ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ပါသည်။ စစ်ရှောင်များမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ကြသော်လည်း ကျန်ရှိပစ္စည်းများမှာ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရပါသည်။ နံနက် ၉ နာရီအချိန်တွင် ကရင်နီပူးပေါင်းတပ်များနှင့် စစ်ကောင်စီတပ်တို့ ဒေါညေးခူကျေးရွာ၊ ဒေါတမကြီး ကျေးရွာအုပ်စုတွင်း တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်များမှ ထိခိုက်သေဆုံးမှုများရှိသည်။ နံနက် ၁၀နာရီ ၃၀

မိနစ်အချိန်တွင် ကရင်နီပူးပေါင်းတပ်များနှင့် စစ်ကောင်စီတပ်များသည် ဖယ်ခုံမြို့ပနယ်၊ ကုရင်ကျေးရွာအုပ်စု အတွင်း တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၉ ဦးသေဆုံးကာ ၆ ဦးအရှင်ဖမ်းမိပြီး လက်နက်ခဲယမ်း အချို့လည်း သိမ်းဆည်းရမိခဲ့သည်။ တစ်ရက်တည်းတွင် စစ်ကောင်စီတပ်မှ KA တပ်ရင်း(၃) တပ်စခန်းကို သိမ်းပိုက်ရန် ထိုးစစ်ဆင်လာမှုကြောင့် နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့အပြီး စစ်ကောင်စီတပ်များမှ ပြန်လည် ဆုတ်ခွါကာ စစ်ကောင်စီတပ်၏ အလောင်းနှစ်လောင်း တွေ့ရှိခဲ့သည်။ သည့်အပြင် ညနေ ၅ နာရီအချိန်တွင် စစ်ကောင်စီတပ်များမှ ဒီးမော့ဆိုမြို့နယ်၊ ဒေါကလော်ခူကျေးရွာအုပ်စု၊ ဒေါဲစဲကျေးရွာအား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ညနေ ၄ နာရီအချိန်တွင် စစ်ကောင်စီတပ်များသည် ပင်လောင်းမြို့နယ်၊ နန်းနိမ့်ရွာမှ အရပ်သား ၃၀ဦးနှင့် သံဃာတော် ၃ ပါးတို့အား သတ်ဖြတ်ကာ နေအိမ် ၅၀ ကိုလည်း မီးရှို့ဖျက်စီးသွားခဲ့သည်။



စကစ ထိုးစစ်ဆင်မှုကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင် ဒီးမော့ဆိုမြို့နယ်



နေအိမ်များ မီးရှို့ဖျက်ဆီးခံရသော ပင်လောင်းမြို့နယ်

မတ်လ ၁၂ရက်၊ ဖရူဆိုမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်မှုကြောင့် အသက် (၃၀)ဝန်းကျင် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေအိမ် (၃)လုံး ထိမှန်ပျက်စီး ခဲ့ပါသည်။ ရှမ်း-ကရင်နီနယ်စပ်ရှိ စစ်ရှောင်စခန်းတစ်နေရာကို စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီ တပ်မှ အသက် (၈၁)နှစ်အရွယ်အဖွားနှင့်အသက် (၇၈)နှစ်အရွယ်အဖိုးအိုတစ်ဦးတို့အား မီးရှို့ သတ်ဖြစ်ခဲ့ပြီး (၇)တန်းကျောင်းသားတစ်ဦးကိုလည်း ပစ်သတ်ခဲ့ပါသည်။ ထိုတရက်တည်းတွင် ဒီးမော့ဆိုမြို့နယ်၊ ဒေါတမကြီးနှင့်ဒေါညေးခူကျေးရွာတို့တွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး  စစ်ကောင်စီတပ်မှ ဒေါညေးခူ ကျေးရွာရှိနေအိမ် အလုံး ၃၀ ခန့် မီးရှို့ဖျက်ဆီးခဲ့သည်။

**Contact persons:**
Khu Ko Reh		Tel: +666 5329 7814

Khu Ruby		Tel: +666 24251608
Website : www.karennicsn.org
Facebook: Karenni Csn (or) https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com